# ရှင်မဟာဗုဒ္ဓဃောသအကြောင်း လေ့ကျင့်ခန်းမေးခွန်းများ

၁။ ရှင်မဟာဗုဒ္ဓဃောသသည် (၁)သီရိလင်္ကာနိုင်ငံ (၂)အိန္ဒိယတောင်ပိုင်း (၃)မြန်မာနိုင်ငံ... တွင် မွေးဖွားခဲ့သည်။

၂။ ရှင်မဟာဗုဒ္ဓဃောသည် (၁)သီရိလင်္ကာလူမျိုး၊ (၂)ပုဏ္ဏားမျိုးနွယ်၊ (၃)ဟိန္ဒူလူမျိုး...မှ ပေါက်ဖွားလာသည်။

၃။ ရှင်မဟာဗုဒ္ဓဃောသ အလောင်းသည် အိန္ဒိယတောင်ပိုင်းတွင် (၁)ရှင်ရေဝတ၊ (၂)ရှင်သံဃပါလ၊ (၃)ရှင်ဇောတိပါလ)နှင့် တွေ့ရှိပြီး ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

၄။ ရှင်မဟာဗုဒ္ဓဃောသည် ဤဝိသုဒ္ဓိမဂ်ကျမ်းကို (၁)၉-ရာစု၊ (၂)၁၀-ရာစု၊ (၃)၁၁-ရာစုတွင် ရေးသားခဲ့သည်။

၅။ ထိုဝိသုဒ္ဓိမဂ်ကျမ်းကို (၁)မဇ္ဈိမဒေသ ဗုဒ္ဓဂယာ၊ (၂)အိန္ဒိယတောင်ပိုင်း မဒရပ်မြို့၊ (၃)သီရိလင်္ကာနိုင်ငံ, အနုရာဓမြို့, မဟာဝိဟာရကျောင်းတိုက်... တွင် ရေးသားခဲ့သည်။

၆။ ရှင်မဟာဗုဒ္ဓဃောသသည် ဤကျမ်းကို (၁)ဇေတဝနဂိုဏ်း၏ လမ်းမှားများကို ပြင်လို၍၊ (၂)နိဗ္ဗာန်ကို လိုလားကုန်သော အမျိုးကောင်းတို့အား အကျင့်လမ်းမှန်ကို သိစေလို၍၊ (၃)ဘုရားသာသနာ အရှည်တည်စေလို၍ ရေးသားတော်မူသည်။

၇။ ဤကျမ်းကို (၁)ဒေဝါနံပိယတိဿမင်း လက်ထက်၊ (၂)မဟာနာမမင်းလက်ထက်၊ (၃)ဝဋ္ဋဂါမဏိမင်း လက်ထက်... တွင် ရေးသားခဲ့သည်။

၈။ ရှင်မဟာဗုဒ္ဓဃောသသည် ဤကျမ်းကို(၁)စူဠဗုဒ္ဓဃောသမထေရ်၊ (၂)ရှင်ဗုဒ္ဓဒတ္တမထေရ်၊ (၃)ရှင်သံဃပါလမထေရ်... သည် တောင်းပန်အပ်သဖြင့် ရေးသားတော်မူခဲ့၏။

၉ ။ ရှင်မဟာဗုဒ္ဓဃောသည် ဤကျမ်းကို (၁)မဟာဝိဟာရဝါသီ မထေရ်တို့၊ (၂)အဘယဂိရိဝါသီ မထေရ်တို့၊ (၃)ဇေတဝနဝါသီ မထေရ်တို့ ပို့ချစဉ်အတိုင်း ရေးသားတော်မူခဲ့သည်။

၁၀။ ဤဝိသုဒ္ဓိမဂ်ကျမ်းနှင့် နာမည်ဆင်သည့် "ဝိမုတ္တိမဂ်"ကျမ်းကို (၁)ရှင်မဟာဗုဒ္ဓဃောသမထေရ်၊ (၂)ရှင်ဥပတိဿမထေရ်၊ (၃)ရှင်ဗုဒ္ဓမိတ္တမထေရ်... က ရေးသားခဲ့သည်။

# သီလနိဒ္ဒေသ လေ့ကျင့်ခန်းမေးခွန်းများ

၁။ အဘယ့်ကြောင့်"ဝိသုဒ္ဓိမဂ္ဂ=ဝိသုဒ္ဓိမဂ်"ဟု ခေါ်ပါသနည်း။

၂။ "သီလေ ပတိဋ္ဌာယ နရော သပညော" စသော မြတ်စွာဘုရား၏ အဖြေဂါထာတွင်ပါသော ပညာ သုံးမျိုးဟူသည်-

(၁)မွေးရာပါ ပဋိသန္ဓေပညာ, ကြီးမားသော ဘူရိပညာ, ရင့်ကျက်သော ပါရိဟာရိကပညာ။

(၂) ထက်မြက်သော ဇဝနပညာ, ဝိပဿနာပညာ, မွေးရာပါ ပဋိသန္ဓေပညာ။

(၃) မွေးရာပါ ပဋိသန္ဓေပညာ, ဝိပဿနာပညာ, ရင့်ကျက်သော ပါရိဟာရိက ပညာ။

၃။ "သီလေ ပတိဋ္ဌာယ=သီလ၌ တည်သောသူ" ဟူသည်-

(၁)သီလအကြောင်း လေ့လာသင်ကြားဖူးသောသူ၊

(၂) သီလကို ဖြည့်ကျင့်နေဆဲ ဖြစ်သောသူ၊

(၃)ယခင်က ဆောက်တည်ခဲ့ဖူးသူ၊... ကို ဆိုလိုပါသည်။

၄။ သီလဟူသည်-

(၁)ဥပုသ်စောင့်ခြင်း၊ စိတ်ကိုထိန်းခြင်း၊

(၂)သူ့အသက်မသတ်ခြင်း၊ ညစာမစားခြင်း၊

(၃)ပါဏာတိပါတစသည်မှ ရှောင်ကြဉ်သူ၏ငှင်း, ဆရာ့ဝတ်စသည်ကို ဖြည့်ကျင့်သူ၏ငှင်း ကုသိုလ်စေတနာတရားများ- ကို ခေါ်ဆို၏။

၅။ ပိတ်ဆို့စောင့်စည်းခြင်း သံဝရသီလ (၅)ပါး ဟူသည်-

(၁)ပါတိမောက္ခသံဝရ, သတိသံဝရ, ဥပေက္ခာသံဝရ, ဉာဏသံဝရ, ဝီရိယသံဝရ၊

(၂)သတိသံဝရ, ဉာဏသံဝရ, စိတ္တသံဝရ, ခန္တီသံဝရ, ဝီရိယသံဝရ၊

(၃) ပါတိမောက္ခသံဝရ, သတိသံဝရ, ဉာဏသံဝရ, ခန္တီသံဝရ, ဝီရိယသံဝရ။

၆။ သီလ၏ မှတ်ကြောင်းလက္ခဏာဟူသည်-

(၁)ကိုယ်မှု နှုတ်မှုတို့ကို ပရမ်းပတာ မဖြစ်စေဘဲ ကောင်းစွာဆောင်ထားခြင်း သီလန-အနက်သဘော၊

(၂)သမာဓိ ပညာတရားတို့၏ တည်ရာ အဖြစ်ဖြင့် လွန်စွာဆောင်ထားခြင်း ဥပဓာရဏ အနက်သဘော၊

(၃)အထက်ပါ ၂-ပါးသော အနက်သဘောကို... ဆိုလိုပါသည်။

၇။ သီလဖြစ်ဖို့ရန် နီးသောအကြောင်း ပဒဋ္ဌာန်ဟူသည်...

(၁)စေတနာနှင့် ဝီရိယ

(၂)သဒ္ဓါနှင့် ပညာ

(၃) ဟိရီနှင့် ဩတ္တပ္ပ... တို့ ဖြစ်ပါသည်။

၈။ အောက်ပါ ပုဒ်များကို ပါဠိနှင့် မြန်မာ တွဲစပ်ပေးပါ။

၁။ ဝါရိတ္တသီလ ၁။သတ္တဝါကို သတ်ခြင်းစသည်မှ ရှောင်ကြဉ်မှုသီလ၊
၂။ ပဏီတသီလ ၂။ကာလကို ပိုင်းခြား၍ဆောက်တည်အပ်သော သီလ၊
၃။ ကာလပရိယန္တသီလ ၃။မြတ်စွာဘုရား တားမြစ်ထားသော အမှုကို ရှောင်ကြဉ်သောသီလ၊
၄။ ဝိရတီသီလ ၄။မြင့်မြတ်သော အဓိပတိလေးပါးဖြင့် ဆောက်တည်အပ်သော သီလ၊
၅။ အတ္တာဓိပတေယျသီလ ၅။လူတို့ ဆောက်တည်အပ်သောသီလ၊
၆။ လောကီသီလ ၆။ ဘုရားအလောင်း၏ မယ်တော်၌ဖြစ်သော သီလ၊
၇။ ဓမ္မတာသီလ ၇။မိမိကိုယ်ကို လေးစားသောအားဖြင့် ဆောက်တည်အပ်သော သီလ၊
၈။ ဂဟဋ္ဌသီလ ၈။အာသဝေါတရားတို့၏ အာရုံဖြစ်သော သီလ၊
၉။ဋ္ဌိတဘာဂိယသီလ ၉။ဣန္ဒြေ ၆-ပါးကို ထိန်းသိမ်းစောင့်ရသောသီလ၊
၁၀။ဣန္ဒြိယသံဝရသီလ ၁၀။သီလမျှဖြင့်ကျေနပ်နေပြီး သမာဓိပညာတရားကို အားမထုတ်သောသီလ၊

၉။ တရားအားထုတ်သော ယောဂီသည် ကျက်စားရာ ဂေါစရ ၃-မျိုးနှင့် ပြည့်စုံရမည်ဟု ဆို၏။ သတိပဋ္ဌာန်တရား လေးပါးတည်းဟူသော ကမ္မဋ္ဌာန်းအာရုံအပေါ်၌ စိတ်ကို ဖွဲ့ချည်ထားခြင်းသည် မည်သည့် ဂေါစရဖြစ်သနည်း?

(က)ဥပနိဿယ ဂေါစရ၊
(ခ)အာရက္ခ ဂေါစရ၊
(ဂ)ဥပနိဗန္ဓ ဂေါစရ"

၁၀။ ရဟန်းသည် မိမိမှာ မရှိသော တရားထူး တရားမြတ်များကို ရှိသယောင် လူအထင်ကြီးအောင် ဟန်ဆောင်ကာ ရောင့်ရဲတင်းတိမ်ခြင်း၊ အရိယာပုဂ္ဂိုလ်တို့ အမူအရာကဲ့သို့ လုပ်ခြင်း၊ ဈာန်မဂ်ဖိုလ် တရားများ ကိုယ့်မှာ ရရှိထားသယောင် သွယ်ဝိုက်ကာ ပြောပြလျှင် အောက်ပါ( #-)သီလပျက်၏။

(က)ပါတိမောက္ခသီလ၊
(ခ)ဣန္ဒြိယသံဝရသီလ၊
(ဂ)အာဇီဝပါရိသုဒ္ဓိသီလ၊
(ဃ)ပစ္စယသိန္နိဿိတသီလ၊

၁၁။ ရက္ခဝိုးနတ်က ဝင်ပူးပြောသောကြောင့် ရလာသော ဃနနို့ဆွမ်းသည် မအပ်စပ်သဖြင့် ရှင်သာရိပုတြာမထေရ်ကြီးက ရှင်မောဂ္ဂလာန်မထေရ်ကို သွန်ခိုင်းလိုက်၏။ အထက်ပါ သီလလေးပါး တို့တွင် မည်သည့်သီလကို ထိန်းသိမ်းလို၍ပါနည်း။

၁၂။ "မင်းတို့ နွားမက နို့မထွက်ဘူး ထင်တယ်။ နို့ထွက်ရင် ငါ့ကျောင်းလာပို့မှာပေါ့"ဟု မိမိနွားနို့သောက် လိုသည်ကို အရိပ်နိမိတ်ပြောခြင်းသည် စောင်းမြောင်းပြောဆိုခြင်း ၄-မျိုးတွင်-

(၁)နိမိတ္တ၊ (၂)ဩဘာသ၊ (၃)သာမန္တဇပ္ပ၊ (၄)ပရိကထာ... ဖြစ်ပါသည်။

၁၃။ပါတိမောက္ခသီလကို... (၁)သဒ္ဓါတရားဖြင့်သာ။ (၂)သတိတရားဖြင့်သာ။ (၃)ဝီရိယတရားဖြင့်သာ။

(၄)ပညာတရားဖြင့်သာ... ပြီးပြည့်စုံအောင် ကျင့်နိုင်၏။

၁၄။ အောက်ပါလေးမျိုး မှန်အောင်တွဲပေးပါ။

| A | B |
|---|---|
| (က)ထေယျပရိဘောဂ | (က)ပိုင်ရှင်၏ စားသုံးခြင်း |
| (ခ)ဣဏပရိဘောဂ | (ခ)အမွေခံ၍ စားသုံးခြင်း |
| (ဂ)ဒါယဇ္ဇပရိဘောဂ | (ဂ)ခိုးယူ၍ စားသုံးခြင်း |
| (ဃ)သာမိပရိဘောဂ | (ဃ)ကြွေးယူ၍ စားသုံးခြင်း |

၁၅။အထက်ပါသုံးဆောင်ခြင်း ၄-ပါးတို့တွင် ရဟန္တာပုဂ္ဂိုလ်၏ စားသုံးခြင်းသည် မည်သည့် စားသုံးခြင်းမျိုး ဖြစ်သနည်း။

အထက်ပါ A-group (က) (ခ) (ဂ) (ဃ)... လေးမျိုးမှ ရွေးပါ။

၁၆။ သီလရှိသောရဟန်း၏ သုံးဆောင်ခြင်းကို မည်သည့် သုံးဆောင်ခြင်းထဲသို့ ထည့်မည်နည်း။

အထက်ပါ B-group (က) (ခ) (ဂ) (ဃ) လေးမျိုးမှ ရွေးပါ။

၁၇။ ခိုးယူ၍ စားသုံးခြင်းဟူသည် မည်ကဲ့သို့သောသူတို့၏ စားသုံးခြင်းမျိုးနည်း

(က)ထေယျပရိဘောဂ (ခ)ဣဏပရိဘောဂ

(ဂ)ဒါယဇ္ဇပရိဘောဂ (ဃ)သာမိပရိဘောဂ

၁၈။တိဿမထေရ်သည် ရောဂနှင့်တကွ သေရမည်ကို စက်ဆုပ်သဖြင့် မိမိပေါင်ကိုချိုး၍ ထွက်မပြေးပါကြောင်း လူသတ်သမားများကို အာမခံပေးပြီး, စင်ကြယ်သောမိမိသီလကို နှလုံးသွင်းဆင်ခြင်လျက် အားထုတ်လိုက်သောအခါ မနက်မိုးလင်း၍ ရဟန္တာဖြစ်သွား၏။ ထိုမထေရ်၏ သီလသည် အောက်ပါ ၅-ပါးတွဲသီလတို့တွင် မည်သည့်သီလ ဖြစ်မည်နည်း။

(၁)ပရိယန္တ ပါရိသုဒ္ဓိသီလ၊ (၂)အပရိယန္တ ပါရိသုဒ္ဓိသီလ၊ (၃)ပရိပုဏ္ဏ ပါရိသုဒ္ဓိသီလ၊ (၄)အပရာမဋ္ဌ ပါရိသုဒ္ဓိသီလ၊ (၅)ပဋိပ္ပဿဒ္ဓိ ပါရိသုဒ္ဓိသီလ။

၁၉ ။ အောက်ပါ လေးမျိုးကို မှန်အောင်တွဲပေးပါ။ ဆောက်တည်ထားသော သီလသည်...

| | |
|---|---|
| (က)အစ၌သော်၄င်း, အဆုံး၌သော်၄င်းပျက်လျှင် | (က)ကြောင်ကြားသည်မည်၏။ |
| (ခ)အလယ်၌ပျက်လျှင် | (ခ)ကျိုးပြတ်သည် မည်၏။ |
| (ဂ)အစဉ်အတိုင်း ၂ပါး,၃ပါးပျက်လျှင် | (ဂ) အပြောက်အကွက်ရှိသည် မည်၏။ |
| (ဃ)အကြားအကြား၌ ပျက်လျှင် | (ဃ)ပေါက်သည် မည်၏။ |

၂၀။ အချင်းခပ်သိမ်း မကျိုး, မပေါက်, မပြောက်,မကြောင်ကျားသော သီလသည်-

(၁)တဏှာကျွန်အဖြစ်မှ တော်လှန်ပြီးသောသီလ၊

(၂)ပညာရှိတို့ ချီးမွမ်းအပ်သော သီလ၊

(၃)တဏှာ ဒိဋ္ဌိတို့ဖြင့် မှားယွင်းစွာ မသုံးသပ်အပ်သော သီလ၊

(၄)သမာဓိကို ဖြစ်စေသောသီလ၊

(၅)အထက်ပါ လေးပါးလုံး ခေါ်ဆိုနိုင်သော သီလ.... မည်၏။